ချမ်းငြိမ်းသာကျေးရွာ

ဒိုင်းကျေးရွာအုပ်စု

မြစ်သားမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချမ်းငြိမ်းသာကျေးရွာ၊ မြစ်သားမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဇွန်လ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ချမ်းငြိမ်းသာကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြစ်သားမြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာမီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မရေးရာ ကိစ္စရပ်များ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက် လုပ်ငန်းများ** | ၁၂ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ | ၁၅ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၆ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၉ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၇၁ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၇၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးပါသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံညာဏ်များကိုတက်တက်ကြွ ကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေး ရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်များ ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်

အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ဖွံ့ဖြိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန်လ ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချမ်းငြိမ်းသာကျေးရွာ

မြစ်သားမြို့နယ်

## ၁. မြစ်သားမြို့နယ်၊ ဒိုင်းကျေးရွာအုပ်စု၊ ချမ်းငြိမ်းသာကျေးရွာ၏ သယံဇာတပြမြေပုံ



## ၂. မြစ်သားမြို့နယ်၊ ဒိုင်းကျေးရွာအုပ်စု၊ ချမ်းငြိမ်းသာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်

ကျေးရွာ ချမ်းငြိမ်းသာ ရာသီခွင်ပြ ပြက္ခဒိန်

| လ / လုပ်ငန်း | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | | | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | |
| ဝင်ငွေ | | | S | SS | SS | S | S | SS | SS | SSS | SS | |
| စိုက်ပျိုးသီးနှံ | | | ပဲတီစိမ်း | ဝါ | ပြောင်း | ပဲ | | | | | | |
| ရာသီဥတု | ☀ | ☀ | 🌧 | 🌧 | 🌧 | 🌧 | 🌧 | 🌧 | 🌧 | ☀ | ☀ | ☀ |
| သီးနှံအထွက်နှုန်း | | | ပဲတီစိမ်း | | ဝါ | | | ဝါ | ဝါ | | ပဲ | |
| သောက်သုံးရေ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | | | ✓ | ✓ |
| တိရစ္ဆာန်ရောဂါ | | | | နွားနာ၊ဖျားနာ | နွားနာ ဖျားနာ | | ပေါင်ပုပ် လက်ပုပ် | ပေါင်ပုပ် လက်ပုပ် | | | | နွားနာ ဖျားနာ |
| သီးနှံ ပိုးမွှား | | | | | | | | | | | | |
| ပျော်ပွဲ ရွှင်ပွဲ | ပျော်ပွဲရွှင်ပွဲ | | | | | | | | | | | |
| သဘာဝဘေး | | | | | | | | | | | | |
| | | | | | | | | | | | | |

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ချမ်းငြိမ်းသာကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၏ ဒိုင်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် မြဝတီကျေးရွာ ၊ အနောက်ဘက်တွင် တောင်တန်းများ ၊ တောင်ဘက်တွင် ကူမဲမြို့သို့ သွားရောက်သည့် (၂၁)မိုင်လမ်းနှင့် မြောက်ဘက်တွင် လယ်ကွင်းများနှင့် မြနဒီကျေးရွာတို့ တည်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ချမ်းငြိမ်းသာကျေးရွာ၏ ရာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး ၊ နွေရာသီတွင် အပူချိန်ပြင်းလျှက်ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၁၁၆)ဧကနှင့် ယာမြေ(၉၅)ဧက ရှိပြီး စုစုပေါင်း (၂၁၁)ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်များ ကိုလည်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေအပြု အဖွဲ့အစည်းများတွင် မေတ္တာမွန် ပရဟိတအဖွဲ့တွင် (ကျား – ၁၅ဦး + မ၂၀ဦး) စုစုပေါင်း(၃၅)ဦး ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့အစည်းတွင် (ကျား – ၅ဦး + မ – ၄ဦး)စုစုပေါင်း(၉)ဦး၊ဂေါပကအဖွဲ့တွင်(ကျား–၅ဦး:)တို့ဖြင့်ကျေးရွာ၏ပညာရေး၊ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်ကြပါသည်။ ကျေးရွာ အတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ချမ်းငြိမ်းသာကျေးရွာတွင် ကျေးရွာ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စိုက်ပျိုးရေးနှင့် အသက်မွေးမှုအခြေအနေ

## (က) သီးနှံစိုက်ပျိုးရေး

ချမ်းငြိမ်းသာကျေးရွာတွင် ၂.၅ဧက မှာ ဆင်းရဲသားတောင်သူ (၁၁)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၉)အိမ်ထောင်စု ၊ ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၂) အိမ်ထောင်စု နှင့် ၁၂.၅ဧက အထက် တောင်သူကြီး (၄)အိမ်ထောင်စု စသည်တို့ ရှိကြသည်။ အဓိအား ဖြင့် စပါး ၊ နှမ်း ၊ ပဲအမျိုးမျိုးနှင့် ဥယျာဉ်ခြံ သီးနှံများကို အဓိက စိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများ သည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းများနှင့် ပြည်တွင်း ပြည်ပသွားရောက် လုပ်ကိုင်နေကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေမှာ ကင်းတားဆည်ရေကိုသာ အဓိက ထား စိုက်ပျိုးလုပ်ကိုင်ကြပြီး ရာသီအလိုက် ရရှိခြင်းကြောင့် လုံလောက်မှု အသင့်အတင့် ရှိပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ တင်း(၇၅)သာ ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁)စီး၊ ရိတ်သိမ်းခြွေလှေ့စက်(၁)စီးနှင့် ရေစုပ်စက် (၃)လုံး၊ တို့ရှိပါ သည်။ ကျေးရွာတွင် ထွန်စက် ၊ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်နှင့် ရိတ်သိမ်းချွေလှေ့ စက်များ ငှားရမ်းသုံးစွဲကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓါတု ပိုး သတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ၊ သီနှံမျိုးစေ့များကိုလည်း ကျေးရွာ တွင်း နှင့်ကျေးရွာအနီးကျေးရွာများတွင် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှု များတွင် ကုန်သည် ပွဲစားများမှတဆင့် ရောင်းချနိုင်ပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုး ပိုးစိမ်းကိုက်၊ မှိုနှင့် ရွက်ဖျားခြောက်စသော ပိုးမွှား ရောဂါများ အနည်းငယ်ကျရောက်ပါသည်။ ၎င်းအပြင် မိုးကြီးသည့်အခါများတွင် စပါးခင်းများအား ရေလွှမ်းမိုးသော ကြောင့် လယ်ယာမြေ နံဘေးရှိ ချောင်း၊ မြောင်းများကို တူးဖော်မှု လုပ်ဆောင်လိုကြ ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ချမ်းငြိမ်းသာကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၅၉) အိမ်ရှိပြီး၊ အကောင်ရေမှာ (၄၄၆)ကောင် ၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု (၅)စုမှ (၁၄၂)ကောင် ၊ အိမ်ထောင်စု (၁)စုမှ ဆိတ်(၂၅)ကောင်၊ အိမ်ထောင်စု (၉)စုမှ ဝက်(၂၂)ကောင်နှင့် အိမ်ထောင်စု (၂၇)စုမှ ကြက်(၂၆၈) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့် ပတ်သက်သည့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အနည်းငယ်သာ ရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ချမ်ငြိမ်းသာကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သည့် လုပ်ငန်းများဖြင့် အသက်မွေးဝမ်း ကျောင်းပြု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း ပညာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရရှိသဖြင့် အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသနှင့် နိုင်ငံရပ်ခြား ဒေသတို့တွင် သွားရောက်လုပ်ကိုင်နေရခြင်းကြောင့် လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန် များကို ရောင်းချရန် ဈေးကွက် အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်း ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာရှိ တောင်သူလယ်သားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာ ဖွံ့ဖြိုး ရေးဘဏ်တွင် ပုံစံ(၇)ဖြင့် တစ်ကေလျှင်(၁.၅) သိန်းနှုန်းဖြင့်(၁၀)ကေအထိ အလွယ်တကူ ချေးယူ၍

ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည့် မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုအပ်သလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းပါးကြပါသည်။ ကျေးရွာတွင်းရှိ ငွေချေးသူများထံမှ (၅ – ၁၀) ရာခိုင်နှုန်းအထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ကားမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။ ကျေးရွာတွင် စက်ဘီး(၂၀)စီး၊ မော်တော်ဆိုင်ကယ်(၁၂၄)စီး၊ ထော်လာဂျီ (၄)စီး၊ ကား(၈)စီးနှင့် နွားလှည်း(၂၁)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပြီး လယ်ယာထွက်ကုန် များကိုမူ ထော်လာဂျီများ ၊ နွားလှည်းများဖြင့် သယ်ယူပို့ဆောင်ကြပါသည်။

ကျေးရွာတွင်းတွင် ရွာလယ်လမ်းမကြီး(၁)လမ်းနှင့် လမ်းသွယ်(၈)လမ်းရှိပြီး ရွာလယ်လမ်းမှာ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)နှင့် ကျေးရွာသူ ကျေးရွာသားများ၏ လုပ်အားဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပါပြီး ကျန်ရွာလမ်းသွယ်များသည် မြေသားလမ်းများဖြစ်ပါသည်။ ချမ်းငြိမ်းသာ ကျေးရွာတွင် ကြိုးတံတား(၁)စင်းနှင့် ကွန်ကရစ်တံတား(၁)စင်းရှိပြီး ယနေ့အချိန်ထိ သွားလာရ အဆင်ပြေပါသည်။ ၎င်းတံတားမှာ ကားများ၊ မော်တော်ဆိုင်ကယ်များနှင့် စက်ဘီးများသာ ဖြတ်သန်းသွားလာနိုင်ပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီးအသုံးပြုနေကြသည့် အိမ်ထောင်စု (၁၀၈)စုရှိပြီး ဆိုလာစနစ် ၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများ ရှိကြပြီး

လျှပ်စစ်မီး လုံး၀အသုံးမပြုနိုင်သော အိမ်ထောင်စု (၃၇)စု ရှိပါသည်။ ကျေးရွာတွင် ထရန်စဖော်မာ (၁) လုံးသာရှိပြီး အများစုမျှဝေသုံးစွဲနေရသဖြင့် လျှပ်စစ်မီးအား အပြည့်အဝမရရှိသည့် အပြင်မီးပုံမှန် မလာသဖြင့်လည်း လုပ်ငန်းများ နှောက်နှေးခြင်း၊ ကျောင်းသားများစာကြည့်ရာတွင်လည်း အခက်အခဲ များ ရှိပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ချမ်းငြိမ်းသာကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၉)လုံး၊ ရေဒီယို(၅၂)လုံး၊တီဗွီ(၇၈)လုံး၊ ဂြိုလ်တုစလောင်း (၇၈)လုံး စသည်တို့မှ ရရှိသည့်အတွက် ဆက်သွယ်ရေး ဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။

ဖ။ ပညာရေး

ကျေးရွာတွင် မူလွန်ပညာရေးအထိ ပညာသင်ကြားနိုင်ပြီး ကျေးရွာနှင့် (၈)မိုင်ခန့် ဝေးကွာသည့် ရွာခိုင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ကူမဲ ၊ မြစ်သားမြို့ရှိ အထက်တန်းကျောင်း များတွင်လည်း အထက်တန်းအဆင့်အထိ ပညာများကို သင်ကြားနိုင်ပြီး တက္ကသိုလ်အဆင့် ပညာရေး များကို ကျောက်ဆည်မြို့တွင် ဆက်လက်ပညာသင်ယူနေကြပါသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူများလည်း အနည်းငယ်ရှိပါသည်။ မူလွန်ကျောင်းတွင် ကျောင်းဆောင် (၂)ဆောင် ရှိပါသည်။ လက်ရှိ စာသင်ကျောင်းဆောင်(၂)ဆောင်မှာ အုတ်နံကပ်(၁)ထပ် အမျိုးအစားဖြစ်ပြီး အရည်အသွေး ကောင်းမွန်လျှက် ရှိသော်လည်း ကျောင်းအိမ်သာများ လုံလောက်မှုရှိပြီး ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ ကလေးများ လုံခြုံစွာပညာသင်ကြားနိုင်ရန်အတွက် ပျက်စီးနေသော ကျောင်းခြံ စည်းရိုးများလည်း ပြုပြင်ပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် စာမတတ်သည့်လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်း အဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၈.၃၉)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်း အဆင့် စာတတ်မြောက်သူများမှာ (၂၅.၁) ရာခိုင်နှုန်း ၊ အထက်တန်းအဆင့် စာတတ် မြောက် သူများမှာ (၉.၄) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၁.၄၅) ရာခိုင်နှုန်း တို့ ရှိခြင်းကြောင့်

ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူ့စွမ်းအား အရင်းမြစ်ကောင်းများ ဖြစ်ကြ ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးလာရောက်ထိုးနှံပေးခဲ့ပါသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျေးရွာ၏ အနောက်မြောက်ဘက်ရှိ ဒိုင်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမှာ ကျေးရွာနှင့်(၄)မိုင်ခန့်သာဝေးကွာခြင်းသော်လည်းကုတင်နှင့် ဆေးဝါး အလုံအလောက်မရရှိပါ ။ ရွာခိုင်ကြီးတိုက်နယ်ဆေးရုံ (၈)မိုင်ခန့်သာ ဝေးကွာခြင်းနှင့် ကူမဲ ၊ မြစ်သားမြို့များရှိ ဆေးရုံများသို့ အလွယ်တကူသွားလာနိုင်ခြင်းကြောင့် အရေးပေါ်အခြေအနေများတွင် မြို့ဆေးရုံများသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲ များစွာ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက် ပေးထားသည့် တွင်းနက်(စက်ရေတွင်း)နှင့် မြောင်းရေကို အဓိကထားအသုံးပြုကြီး ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုသည့် အိမ်ထောင်စုအများအပြားရှိပြီး မသန့်ရှင်းသော ယင်လုံအိမ်သာနှင့် အိမ်သာ အသုံးမပြုနိုင်သော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ချမ်းငြိမ်းသာကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများ ၊ လက်လုပ်လက်စား ကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ် ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ တွေ့ပါက အခြား အိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူပါသည်။

ချမ်းငြိမ်းသာကျေးရွာ၏ လယ်မြေများတွင် နွားစာနှင့် သဘာဝဆေးဖက်ဝင် အပင်များ အနည်းငယ် ရှိပါသည်။ကျေးရွာသည် သွေးလွန်တုပ်ကွေးရောဂါများနှင့် တီဗွီရောဂါဖြစ်ပွားသည့် လူနာ အနည်း

ငယ်ရှိပြီး သွေးတိုးနှင့် ဆီးချို ရောဂါ ဖြစ်ပါပွားသည့် လူနာ အများအပြား ရှိပါသည်။ တိရိစ္ဆာန်များသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား- မရေး ကိစ္စရပ်ဆိုင်ရာ

ချမ်းငြိမ်းသာကျေးရွာ၏ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့်လုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင် ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှု မရှိသော်လည်း အကြမ်း ဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာပေးများ အားနည်း ကြပါသည်။

## ၁၀. ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ဒိုင်း | | | ကျေးရွာအမည် – ချမ်းငြိမ်းသာ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အဖွဲ့ဝင်များအား စီမံခန့်ခွဲမှု ၊ စာရင်းကိုင် စသည့် သင်တန်းများ စီစဉ် ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းသင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မြေလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှားရောဂါကာကွယ် နှိမ်နင်းရေးနည်းပညာသင်တန်း ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | တိရိစ္ဆာန်မွေးမြူရေး | မြို့နယ်မွေး/ကု ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်း များနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း | |
| ၆ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း | |
| ၇ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိအောင် ချိတ်ဆက်ခြင်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ ၊ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်သစ်  တည်ဆောက်ခြင်း၊ | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက်လမ်း၊ တံတား | ကျေးရွာတွင်း ရေဆိုးထုတ်မြောင်း တူးဖော်ခြင်း | |
| ၁၀ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရားဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း | |

နောက်ဆက်တွဲ (၁)

## ချမ်းငြိမ်းသာရွာ၊ ဒိုင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်မြင့် | ဦးသိန်းမောင် | ၉/နထက(နိုင်) ၀၅၉၈၅၄ | ၆၁ | ဥက္ကဋ္ဌ | ၀၉-၄၀၀၈၅၁၁၃၂ |
| ၂ | ဦးသက်တင် | ဦးမြမောင် | ၉/မသန(နိုင်) ၁၁၆၀၀၀ | ၄၁ | အတွင်းရေးမှူး | ၀၉-၄၀၆၆၀၆၁၈၀ |
| ၃ | ဦးဝင်းအောင် | ဦးဗိုလ်လေး | ၉/မသန(နိုင်) ၁၆၅၃၀၃ | ၅၀ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၂၅၀၀၁၂၇ |
| ၄ | ဒေါ်ရွှေမူထွေး | ဦးရွှေညို | ၉/အမဇ(နိုင်) ၀၀၇၃၉၅ | ၆၁ | စာရင်းကိုင် | ၀၉-၇၇၅၇၃၃၀၀၉ |
| ၅ | ဦးဝင်းလှိုင် | ဦးစံတင် | ၉/မသန(နိုင်) ၁၉၇၆၁၃ | ၄၇ | သော့ကိုင်(၁) | ၀၉-၆၇၁၅၃၅၁၉၃ |
| ၆ | ဒေါ်စိုးစိုး | ဦးလှသောင်း | ၉/မသန(နိုင်) ၁၆၆၅၇၂ | ၄၇ | သော့ကိုင်(၂) | ၀၉-၆၆၁၃၉၄၆၆၄ |
| ၇ | ဒေါ်ခိုင်မာ | ဦးညိုခွေး | ၉/မသန(နိုင်) ၂၄၂၁၆၄ | ၄၀ | အဖွဲ့ဝင် | ၀၉-၄၅၉၁၆၃၄၉၃ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၃ | ၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၁၄ | ၃၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၂ | ၃၂ | ၆၄ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၅၂ | ၁၀၁ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၅၈ | ၂၅၀ | ၅၀၈ | ၁ | ၄၇ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၂၂ | ၄၅ | | |
| စုစုပေါင်း | | ၃၈၄ | ၃၇၃ | ၇၅၇ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၆ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁)နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက်(၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ချမ်းငြိမ်းသာကျေးရွာတွင် အိမ်ထောင်စု (၁၇၆)စု ၊ လူဦးရေ (၇၅၇)ဦး ရှိပါသည်။ ချမ်းငြိမ်းသာကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် ( ၀.၇၉ %) ၊ ၅နှစ်အောက် ကလေးငယ် အရွယ် (၄.၃၆%) ၊ မူလတန်းကျောင်းသား အရွယ် (၈.၄၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၃.၃၄%) ၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၇.၁၁%) ၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၉၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၂.၈၉%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၂၅၈)ဦး၊ မ(၂၅၀)ဦး စုစုပေါင်း (၅၀၈)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၇.၁၁%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူအင်အား

### (ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၆ | ၅၄ | ၇ | ၃ | ၆ | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၂ | | | | | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုချော့စွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| ၇ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| ၈ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| ၉ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| ၁၀ | ကိုယ်ပိုင် လုပ်ငန်း | | | | | | ၁ | မြင့် ☐ လတ်✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | လက်လီ– လက်ကား ရောင်းဝယ်ရေး | | | | | | | |
| ၁၁ | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၁ | | ၁ | ၁ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| ၁၂ | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု<br>(မှတ်ချက်ကိုချောစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | | | ၃ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | | | | | | မြင့် ☐ လတ်☐ နိမ့် ✔ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၁၂၂ | ၁၀၀ | ၂၀ | ၅ | ၂၀ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၇၆ | ၁၅၉ | ၂၈ | ၈ | ၂၇ | ၅ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။**"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင် လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) လုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ –"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ချမ်းငြိမ်းသာကျေးရွာသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြ သောကျေးရွာဖြစ်ပြီး အခြားလုပ်ငန်းများမှာ လက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်များ၊ ဆောက်လုပ်ရေး ၊ ပန်းရန်လုပ်ငန်းများ၊ ယာဉ်၊ စက်ကိရိယာ လုပ်ကိုင်သူများ၊ အပ်ချုပ်လုပ်ကိုင်သူများ၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းများနှင့် ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများလည်း အနည်းငယ်ရှိပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | | | | | | |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။** ချမ်းငြိမ်းသာကျေးရွာ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်ပြီး ကျား ၊ မ ဝင်ငွေကွာခြားရခြင်းမှာလည်း အားစိုက်ထုတ်မှုအပေါ် မူတည်ပါသည်။ အလုပ်အကိုင် အမျိုးအစား အားလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမို၍ လုပ်အားခနှုန်းထား ပိုမိုရရှိကြပါသည်။ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများနှင့် လက်လီ-လက်ကားရောင်းဝယ်ရေးလုပ်ငန်းများတွင် လုပ်သားငှားရမ်းမှု လုပ်ကိုင်နည်းပါးပါသည်။ လခသား အလုပ်သမားများ တစ်ရက်ဝင်ငွေသည် ၆၀၀၀ကျပ် ဝန်းကျင်ခန့်တွင်ရှိပြီး နာရီဖြင့်တွက်ရသော အလုပ်သမား များ၏ တစ်ရက်ဝင်ငွေသည် ၅၀၀၀ကျပ်ဝန်းကျင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၁၆ | ကောင်း ✔ သင့် ☐ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၉၅ | ကောင်း ✔ သင့် ☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၂၁၁ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာ မြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။။** ချမ်းငြိမ်းသာကျေးရွာတွင် စိုက်ပျိုးနိုင်သည့် လယ်မြေနှင့်ယာမြေများရှိပြီး တောင်သူ များ မြေဆီသြဇာများသုံးစွဲမှု အသိပညာအားနည်းခြင်းကြောင့် သွင်းအားစု သုံးစွဲမှုမမျှတခြင်းကြောင့် မြေဆီသြဇာ လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✔ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့် ✔ နည်း ☐ မရှိ | လွယ် ✔ ခက် ☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ✔ ခက် Â အသုံးမပြုနိုင်ပါ ☐ | လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| **ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| **သစ်တော – အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✔ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✔ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။။** ချမ်းငြိမ်းသာကျေးရွာသည် သဘာဝအရင်းအမြစ်များဖြစ်သည့် ဓါတ်သတ္တုနှင့် ဒီရေတောများ မရှိသော်လည်း မြေအောက်ရေအရင်းမြစ်အား လွယ်ကူစွာ အသုံးပြုနိုင်ပြီး လွန်ခဲ့သော(၁၀)နှစ်နှင့်နှိုင်းယှဉ်လျှင် လျော့နည်းနေသည်ကို လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိ မ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၈ | ၂၄ | ၄၆ | ၉၈ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။။** ချမ်းငြိမ်းသာကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင် စိုက်ပျိုးရေးနှင့် အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းနှင့် ပန်းရံ ၊ လက်သမား နှင့် ကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အလွန် မပြေလည်သော အိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ် ရာသီအလိုက် ကြုံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေး လုပ်ငန်း လုပ်ကိုင်ကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | အမျိုးသမီးဦးေ ောင်သည့်အိမ် ထောင်စုအရေ အတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစ ာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြားဝ မ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးေ ောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ဖေလမှ၁၂လအထိဝမ် းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။။**     ..........................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................................................

..........................................................................................................................

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖေ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။။**     ချမ်းငြိမ်းသာကျေးရွာတွင် ဖေ၄နှစ်အထက် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များ မရှိပါ။ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်နေသော မိသားစုများ နှင့် မိသားစုများများ၍ အလွန် ကြပ်တည်း နေမှုများသော အိမ်ထောင်စုများ မရှိပါ။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✔ | | | | ✔ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✔ | | | ✔ | | |
| ၃ | မုန်တိုင်းဒီရေ | ✔ | | | ✔ | | |
| ၄ | ဆူနာမီ | ✔ | | | ✔ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✔ | | | ✔ | | |
| ၆ | လေဆင်နှာမောင်း | ✔ | | | ✔ | | |
| ၇ | လျှင် | ✔ | | | ✔ | | |
| ၈ | အပူလှိုင်း | | ✔ | | | ✔ | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✔ | | | ✔ | | |
| ၁၀ | အအေးလှိုင်း | ✔ | | | | ✔ | |
| ၁၁ | မိုးသီးကြွေကျမှု | | ✔ | | | ✔ | |
| ၁၂ | မိုးခေါင်ခြင်း | | ✔ | | | ✔ | |
| ၁၃ | တောမီးလောင်ခြင်း | | | ✔ | | ✔ | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✔ | | | ✔ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✔ | | | ✔ | | |
| ၁၆ | မြေပြိုခြင်း | ✔ | | | ✔ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✔ | | ✔ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✔ | | | ✔ | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✔ | | ✔ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | ✔ | ✔ | | |
| ၂၁ | ငှက်ဖျားရောဂါ | | ✔ | | | ✔ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၂ | တီဘီရောဂါ | | ✔ | | | ✔ | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✔ | | | | ✔ | |
| ၂၄ | ကပ်ရောဂါ | | | ✔ | | ✔ | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | ✔ | | ✔ | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✔ | | ✔ | | |
| ၂၇ | လူကုန်ကူးခြင်း | ✔ | | | ✔ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | ✔ | | ✔ | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။ အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။ ချမ်းငြိမ်းသာကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို ဆည်ရေဖြင့်သာ အဓိကထား လုပ်ကိုင်ခြင်းကြောင့် စိုက်ပျိုးရေ အခက်အခဲမရှိပါ။ ကျေးရွာသည် မြို့နှင့်ဝေးကွာသော်လည်း သွားလာရလွယ်ကူပြီး ကုန်စည်စီးဆင်းမှု လွယ်ကူသော အခွင့်အလမ်းများ ရှိပါသည်။ တီဘီရောဂါ အနည်းငယ် ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါများလည်း အနည်းငယ်ကျရောက်လျှက်ရှိပြီး ဆေးကုသရန် လက်လှမ်းမီမှု ရှိပါသည်။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | ✔ | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | | ✔ | ✔ | | |
| ၃ | ဆင်းရဲသားတောင်သူ | | | ✔ | ✔ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | | ✔ | | ✔ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | ✔ | | ✔ | | |
